YOMA STRATEGIC HOLDINGS LTD. FMI YOMA GROUP
YOMA PEOPLE 2020

# Yoma Bulletin

# ရိုးမ သတင်းစဉ်

## Group Bi-weekly highlights

## Returning to Work

THE CAMPUS

The recommended date for all Yoma offices to be partially open, including Campus, is Monday, 7 December.

We are working closely with all our business leaders to determine personnel who are required to come into the office. We recommend for you to work from home if your duty could be fulfilled in Work from Home mode. All vulnerable staff should also continue to work from home until further notice.

For employees who have to carry out their duty in their workplace or offices, A "Team A – Team B" system will be put in place. Employees will work five days at their offices in a rotation. This system is a precaution to prevent cross contamination and to keep our workforce safe.

We will be sharing more information of the new regulation and updated Yoma office guidelines.

Campus အပါအဝင် ရိုးမ၏ရုံးများကို ဒီဇင်ဘာလ ၇ ရက်နေ့တွင် ပြန်ဖွင့်ရန် အကြံပြုလိုပါသည်။

ရုံးတက်ရမည့် လူစာရင်းအတွက် လုပ်ငန်းဌာနရှိ ခေါင်းဆောင်များနှင့်အတူ သေချာတိုင်ပင်ဆွေးနွေးလျက်ရှိပါသည်။ မိမိ၏ အလုပ်တာဝန်များကို နေအိမ်မှနေ၍ ပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါက နေအိမ်မှနေ၍ ဆက်လုပ်ကြရန် တိုက်တွန်းလိုက်ပါသည်။ ရောဂါကူးစက်ခံရ လွယ်သည့်ဝန်ထမ်းများအနေဖြင့် ထပ်မံကြေညာခြင်းမပြုမီ အချိန်အထိ နေအိမ်မှဆက်၍ အလုပ်လုပ်သင့်ပါသည်။

လုပ်ငန်းခွင် (သို့) ရုံးတွင် အလုပ်လုပ်ရန်လိုသည့် ဝန်ထမ်းများအတွက် "အဖွဲ့ A နှင့် အဖွဲ့ B" စနစ်အတိုင်း လိုက်နာရမှာ ဖြစ်ပါသည်။ ဝန်ထမ်းများသည် တစ်ပတ်ငါးရက် အလှည့်ကျ ရုံးတက်ရမှာဖြစ်ပါသည်။ လုပ်ငန်းခွင် ဘေးကင်းလုံခြုံစေရန်နှင့် အချင်းချင်း ကူးစက်မှုမှ ကာကွယ်နိုင်ရန်အတွက် ထိုစနစ်ကို ကျင့်သုံးခြင်းဖြစ်ပါသည်။ ရိုးမ၏ ရုံးတွင်းလိုက်နာရမည့် စည်းကမ်းချက်အသစ်များကို ထပ်မံမျှဝေပေးသွားပါမည်။

## Happy Tazaungdaing Yoma Family

Is it a long weekend again? Yes, indeed as it is one of the most well-known traditional festivals in Myanmar.

Tazaungdaing Festival, a festival of lights takes place during the new moon on the 8th month of Myanmar Calendar, is famous for its celebrations all over the country. Although it is a religious festival, everyone enjoys this multi-cultural special occasion. It also marks the end of Kahtein period, when the monks are given new robes and alms. People send up fire balloons and multicolored lanterns to commemorate the day, as a symbol of paying homage to the Buddha.

Although the recent the pandemic has put a damper on mass gatherings and festival celebrations in Myanmar, we can still celebrate this festive season with our family and loved ones at home.

To celebrate as a Group virtually, we invite everyone to change to our customised profile frame on Facebook and Workplace. Wishing everyone at Yoma a Happy Tazaungdaing.




မြန်မာနိုင်ငံ၏ လူသိအများဆုံး ပွဲတော်များအနက် တစ်ခုဖြစ်သည့်အတွက် ပိတ်ရက်ရှည် ထပ်ရောက်လာပြန်ပါပြီ။

တန်ဆောင်တိုင်မီးထွန်းပွဲတော်ကို မြန်မာပြက္ခဒိန်၏ ရှစ်လမြောက်လပြည့်နေ့တွင် တစ်နိုင်ငံလုံးမှ ဆင်နွှဲကျင်းပကြပါသည်။ ဘာသာရေးပွဲတော်ဖြစ်သော်လည်း နိုင်ငံသားတိုင်း ပျော်ရွှင်စွာပါဝင်ဆင်နွှဲလေ့ ရှိပါသည်။ တန်ဆောင်တိုင်ရောက်ခြင်းသည် ဘုန်းကြီးများအား သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆပ်ကပ်လှူဒါန်းသော ကထိန်ခင်းကာလပြီးဆုံးခြင်းလည်း ဖြစ်ပါသည်။ မြတ်စွာဘုရားအား ဆီမီးပူဇော်သည့်အနေဖြင့် မီးပုံးပျံများ လွှတ်ခြင်းနှင့် ရောင်စုံမီးအိမ်များ ထွန်းညှိခြင်းတို့ဖြင့် ကျင်းပဆင်နွှဲကြပါသည်။

မြန်မာနိုင်ငံတွင် လတ်တလောဖြစ်ပွားနေသည့် ကူးစက်ရောဂါကြောင့် လူစုဝေးခြင်းများနှင့် ပွဲတော်များအတွက် ဆင်နွှဲကျင်းပခြင်းများကို မပြုလုပ်နိုင်သော်လည်း မိမိတို့၏မိသားစုဝင်၊ ချစ်ခင်ရသူများနှင့်အတူ နေအိမ်မှာနေ၍ ပျော်ရွှင်စွာ ဆင်နွှဲကျင်းပနိုင်ပါသည်။

အွန်လိုင်းမှ လုပ်ငန်းစုနှင့်အတူကျင်းပနိုင်ရန် ဖေ့စ်ဘုတ်နှင့် Workplace တွင် တန်ဆောင်တိုင်အတွက် အထူးပြုလုပ်ထားသည့် Profile Frame ကို ပြောင်းလဲအသုံးပြုရန် အားလုံးကို ဖိတ်ခေါ်လိုက်ပါသည်။ ပျော်ရွှင်စရာကောင်းသော တန်ဆောင်တိုင်ဖြစ်ပါစေ။

## HR ANNOUNCEMENTS

# Yoma Events

Check it out if you have not yet. Yoma Events is a new feature that enables you to get an overview on what is happening Groupwide.

Yoma Townhalls, virtual learnings, online competitions, virtual lucky draw, social club activities, Yoga sessions, radio shows, entities engagements and many more... there are lots of fun and diverse activities for you to engage with the rest of the Yoma Family online.

Any of these activities interest you in the coming weeks? Click here to find more details of our events. You might be surprised with a special gift, find a new hobby or a new group of new like-minded friends.


For any entities or social groups that want to promote your events, send us the event details and we will add to the calendar and help you broadcast Groupwide.

လုပ်ငန်းစုအတွင်းရှိ ပွဲ၊ အစီအစဉ်များကို Yoma Events မှ တဆင့် သိရှိနိုင်ပြီဖြစ်ပါသည်။

Yoma Townhalls ၊ အွန်လိုင်းရှိ သင်တန်းများ၊ အွန်လိုင်းပြိုင်ပွဲများ၊ ကံစမ်းမဲအစီအစဉ်၊ Social Club ၏ လှုပ်ရှားမှုများ၊ Yoga သင်တန်းများ၊ ရေဒီယိုအစီအစဉ်များ၊ လုပ်ငန်းဌာနများ၏ လှုပ်ရှားမှုများနှင့် အခြားအစီအစဉ်ပေါင်း များစွာအကြောင်းကို သိရှိနိုင်မှာဖြစ်ပါသည်။ ရိုးမမိသားစုဝင်များနှင့် အွန်လိုင်းမှ ပျော်ရွှင်စွာ ချိတ်ဆက်နိုင်မည့် အစီအစဉ်ပေါင်းများစွာ ရှိပါသည်။

လာမည့်အပတ်များမှာ ပြုလုပ်သွားမည့် ပွဲအစီအစဉ်များအနက် မိမိစိတ်ဝင်စားရာ ပွဲအကြောင်းအရာ အသေးစိတ်ကို ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။ မိမိနှင့် ဝါသနာတူသည့် သူငယ်ချင်းများနှင့်လည်း တွေ့ဆုံနိုင်မှာဖြစ်ပါသည်။

မိမိတို့၏ ပွဲအစီအစဉ်၊ လှုပ်ရှားမှုများကို Yoma Event Calendar တွင် ထည့်သွင်းပြီး လုပ်ငန်းစုတစ်ခုလုံး သိအောင် ပြုလုပ်လိုသည့် လုပ်ငန်းဌာန (သို့) Social Group များအနေဖြင့် အစီအစဉ်၏ အသေးစိတ်ကို ကျွန်ုပ်တို့ထံ အီးမေးလ်ပေးပို့နိုင်ပါသည်။




## YOMA RECRUITMENT

Here are some “Hot Roles” at Yoma this week:

ယခုအပတ်တွင် လုပ်ငန်းစုအတွင်း ခေါ်ယူနေသည့် လုပ်ငန်းရာထူးများမှာ -

- Interior Design Manager (Yoma Central)
- Finance Business Partner (Yoma Land)
- Senior Finance Manager (Yoma Motor)
- Internal Audit Senior (Yoma Group)
- Tax Accountant (Memories Group)
- Hub Manager (Yoma Fleet)

*Take charge of your career. For more internal job vacancies, click here.*

PEOPLE2020

# Campus Feature: A New Canteen & Cafe

We are very excited to announce a new space is on its way at The Campus. A space that has better food options, allows our employees to work in creative ways, enjoy a comfortable break time together and more... a space where you want to be.


The new Campus canteen and café will benefit more then 700 Yoma employees at the Campus and in Pun Hlaing Estate. In collaboration with our new food partner Myanma Food for Thought (MMFT), we will be commencing our kitchen renovation soon. Employees will soon get the opportunity to enjoy a variety of excellent quality and healthier food options priced affordably.

Stay tuned, for the unveiling of our new Campus canteen and Café.

Campus တွင် မကြာခင် အသစ်ဖွင့်လှစ်တော့မည့် နေရာသစ်တစ်ခုအတွက် ဝမ်းမြောက်စွာ အသိပေးလိုက်ပါသည်။ ပိုကောင်းသော အစားအစာများရှိခြင်း၊ ဝန်ထမ်းများအား ပိုမိုတီထွင်ကြံဆနိုင်စေခြင်း၊ သက်တောင့်သက်သာ အနားယူနိုင်စေသည့်အပြင် အခြားကောင်းကျိုးများပါရှိစေမည့် ဝန်ထမ်းတိုင်း ကြိုက်နှစ်သက်သော နေရာတစ်ခုဖြစ်ပါသည်။

Campus ရှိ ကန်တင်းနှင့် ကော်ဖီဆိုင်အသစ်သည် ပန်းလှိုင်အိမ်ရာရှိ Campus ရုံးချုပ်တွင် တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းပေါင်း ၇၀၀ ကျော်အတွက် အကျိုးရှိစေမှာဖြစ်ပါသည်။ ကျွန်ုပ်တို့၏ မိတ်ဖက်ဖြစ်သည့် Myanma Food for Thought (MMFT) နှင့်ပူးပေါင်း၍ ကန်တင်းအား ပြန်လည်ပြုပြင်မွမ်းမံသွားမှာ ဖြစ်ပါသည်။ မကြာခင်တွင် ဝန်ထမ်းများအနေဖြင့် အရည်အသွေးပိုကောင်းသော၊ ကျန်းမာရေးနှင့်ညီညွတ်သော အစားအသောက်များကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသုံးနိုင်မှာဖြစ်ပါသည်။


ကန်တင်းနှင့် ကော်ဖီဆိုင်ပုံစံအသစ်ကို မကြာမီတွင် ဖော်ပြသွားမှာဖြစ်ပါသည်။









ENTITIES HIGHLIGHTS

# Your Dream Vacation

More great news for Yoma Employees. You can purchase Memories Group Dream Vacation tickets with Wave Pay soon! We will announce on our Facebook Page later. Dream a better dream with Thadingyut pocket money by purchasing the lucky draw tickets for a chance to win Awei Pila 4 NIGHTS 5 DAYS as THE GRAND PRIZE!

You can proceed to use the value of your ticket(s) as credit to use towards food, including Horizon & Oasis, or at any of Memories Group Hotels anytime throughout 2021. A Yoma Employee 15% discount will be applied as well.

It's a perfect gift to your friends or special ones this Christmas and they will definitely love it.

To purchase, contact our sales team directly at +95 9 258 882 020, +95 9 258 887 070, +95 9 501 8037, and +95 9 560 774 81 or email sales@memoriesgroup.com and rsvn@memoriesgroup.com.

ရှိးမဂန်ထမ်းတွေအတွက် ထပ်ဆောင်းသတင်းကောင်းဖြစ်ပါသည်။ မကြာခင် Wave Pay ဖြင့် Memories Group Dream Vacation လက်မှတ်တွေ ဝယ်ယူနိုင်တော့မှာ ဖြစ်ပါသည်။ Memories Group ရဲ့ Facebook Page မှလည်း ထပ်မံကြေညာသွားပါမည်။ မိမိ၏ စိတ်ကူးယဉ်အိမ်မက်ဖြစ်သော Awei Pila ၄ ည ၅ ရက် တည်းခိုခွင့် ပထမဆုကြီးကို ပိုင်ဆိုင်နိုင်ရန်




Dream Vacation လက်မှတ်ကို သီတင်းကျွတ်မုန့်ဖိုးနှင့် ဒီနေ့ပဲဝယ်ယူလိုက်ပါနော်!

ဝယ်ယူထားတဲ့ လက်မှတ်အရေအတွက်ရဲ့ စုစုပေါင်းထပ်တူထပ်မျှတန်ဖိုးဖြင့် ၂၀၂၁ ခုနှစ် အတွင်း Horizon & Oasis အပါအဝင် Memories Group ၏ စားသောက်ဆိုင်တွေမှာ အစားအစာသုံးဆောင်မှုတွေမှာ ပေးချေအသုံးပြုနိုင်မည့် ဘောက်ချာတွေကို ရှိးမဝန်ထမ်း အထူးလျှော့ဈေး ၁၅% ဖြင့် လျှော့ထားရရှိနိုင်ပါသည်။

ဒါ့အပြင် ချစ်ခင်ရသော သူငယ်ချင်းမိတ်ဆွေတွေကိုလည်း ခရစ်စမတ်လက်ဆောင်ပေးနိုင်မှာမို့ သေချာပေါက် နှစ်သက်ကြမှာပါ!

ပိုမိုသိရှိလိုသောအချက်အလက်များနှင့် ဝယ်ယူနိုင်ရန်အတွက် ဖုန်းနံပါတ် +၉၅ ၉ ၂၅၈ ၈၈၂ ၀၂၀၊ +၉၅ ၉ ၂၅၈ ၈၈၇ ၀၇၀၊ +၉၅ ၉ ၅၀၁ ၈၀၃၇ နှင့် +၉၅ ၉ ၅၆၀ ၇၇၄ ၈၁ (သို့) အီးမေးလ် sales@memoriesgroup.com နှင့် rsvn@memoriesgroup.com ထံ တိုက်ရိုက်ဆက်သွယ်နိုင်ပါသည်။

# Thanksgiving is coming early at Oasis for you

There's always something to be thankful for – good vibes and pumpkin pies. We are ready when you are, call us at +95 9 407 496 700 right away.


စားမြိန်ဖွယ်ရာတွေနဲ့အတူ ရွှေဖရုံသီးမုန့်ရဲ့ ထူးကဲတဲ့အရသာကို ပေါင်းစပ်ခံစားခြင်းအဓိပ္ပာယ်က ကြည်နူးဆွတ်ပျံ့ဖွယ်နေ့ရက်တွေကို ဖန်ဆင်းနေခြင်းဖြစ်တာကြောင့် ခုပဲ +၉၅ ၉ ၄၀၇ ၄၉၆ ၇၀၀ ကိုခေါ်ဆိုပြီး အထူးခြားဆုံး နေ့တွေကို ပုံဖော်နိုင်ပါပြီ။




# Post COVID-19 Lungs Clinic

To provide the safety and care you may need after recovering from COVID-19, Pun Hlaing Hospitals Hlaing Tharyar has launched our new "Post COVID-19 Lungs Clinic"

You are eligible for the services provided by our Post COVID-19 Lungs Clinic upon completion of the 21 days quarantine after the first positive detection of COVID-19, which are guidelines that are set up by the Ministry of Health and Sports.




Our Post COVID-19 Lungs Clinic is here for you if you feel that your lungs have been compromised after COVID-19, which include symptoms such as labored breathing, not getting enough oxygen, and chest pains. After dealing with COVID-19, it is always a good idea to get your lungs checked up at least once to ensure there will be no lingering issues that may bring up problems for you in the future.

Pun Hlaing Hospitals pledges that we will work our hardest with our qualified specialists to make sure that you can go back to being your best self again, feeling better than ever.

We are open to help with your checkups from 8 am to 5 pm, seven days a week - come visit us now. Contact us now on 01 368 4433

COVID-19 ကူးစက်ခံရ၍ ပြန်လည်ကျန်းမာလာသူများ ဘေးကင်းလုံခြုံရေးနှင့် လိုအပ်သည့် စောင့်ရှောက်မှုများအတွက် ပန်းလှိုင်ဆေးရုံ လှိုင်သာယာမှ "COVID-19 ဖြစ်ပြီးသူများအတွက် အဆုတ်ဆေးခန်း" ကို ဖွင့်လှစ်ထားပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ချမှတ်ထားသည့် လမ်းညွှန်ချက်များအရ COVID-19 ကူးစက်ခံထားရကြောင်း စစ်ဆေးသိရှိရပြီး အချိန်မှစ၍ ၂၁ ရက်ကြာ Quarantine ဝင်ပြီးထားသူတိုင်း COVID-19 ဖြစ်ပြီးသူများအတွက် ဖွင့်လှစ်ထားသည့် အဆုတ်ဆေးခန်း၏ ဝန်ဆောင်မှုများကို ခံစားခွင့်ရှိပါသည်။

COVID-19 ဖြစ်ပြီးနောက်ပိုင်း မိမိ၏ အဆုတ်မှာမူလအတိုင်းမဟုတ်ဘဲ အသက်ရှူရခက်ခဲခြင်း၊အောက်စီဂျင်လုံလောက်စွာမရရှိခြင်းနှင့် ရင်ဘတ်အောင့်ခြင်းစသည့် ဝေဒနာများကို ခံစားနေရပါက အဆုတ်ရောဂါကုဆေးခန်းမှ ဝန်ဆောင်မှုပေးသွားမှာ ဖြစ်ပါသည်။ အနာဂတ်တွင် အဆုတ်နှင့်ပတ်သက်၍ ရောဂါလက္ခဏာများ မရှိစေရန် COVID-19 ဖြစ်ပြီးနောက်ပိုင်း အဆုတ်ကို အနည်းဆုံးတစ်ကြိမ် ထပ်မံစစ်ဆေးသင့်ပါသည်။

ရောဂါကူးစက်ခံထားရသူများ ပကတိမူလအတိုင်း ပြန်လည်ကျန်းမာလာစေရန် မိမိတို့၏ အထူးကုဆရာဝန်များနှင့် အကောင်းဆုံး ကြိုးစားသွားမည်ဖြစ်ကြောင်း ပန်းလှိုင်ဆေးရုံမှ ပြောကြားလိုပါသည်။

ဆေးစစ်မှုများအတွက် တစ်ပတ် ၇ ရက် ပိတ်ရက်မရှိ မနက် ၈ နာရီမှ ညနေ၅ နာရီအထိ ဖွင့်လှစ်ထားပါသည်။ ဆက်သွယ်ရန်- ၀၁ ၃၆၈ ၄၄၃၃